## စာဖတ်သူသို့

"လာရီကင်း၏လာရီကင်း" သည် စကားပြောကောင်းသူ လာရီကင်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဟု ဆိုရမည်ဖြစ်သည်။ ရေဒီယိုက အသံလွှင့်ရသည့် အလုပ်မျိုးကို ရူးသွပ်ခဲ့သော လာရီကင်းသည် မိုင်ယာမီမှာ အသံလွှင့်သည့်အလုပ် ရသောအခါ တစိုက်မတ်မတ် ကြိုးပမ်းလုပ်ကိုင်ရာမှ CNN ကို ရောက်သည်အထိ အောင်မြင်ထင်ရှားလာသော ပုဂ္ဂိုလ်ဖြစ်သည်။

အခြေခံပညာအထက်တန်းကို အနိုင်နိုင်အောင်ခဲ့ပြီး တက္ကသိုလ် မတက်ခဲ့ဖူးသည့် လူတစ်ယောက်အား "အင်တာဗျူး"ဟူသောခေါင်းစဉ်ဖြင့် ပို့ချဖို့ တက္ကသိုလ်တစ်ခုက ကမ်းလှမ်းခံရသည့်ပုဂ္ဂိုလ်မှာ လာရီကင်းဖြစ်သည်။ စာအုပ်ကို ချစ်၍၊ အလုပ်ကိုပင်မြဲမြဲလုပ်တတ်ခြင်း၊ မိမိကိုယ်ကို အပြည့်အဝယုံကြည်ခြင်း၊ အင်တာဗျူးရာမှာ အခြားသူများ မစဉ်းစားသောမေးခွန်းမျိုးဖြင့် အမေးခံရသူအား စိတ်အနှောင့်အယှက်မဖြစ်စေဘဲ သိလိုသော အဖြေများ ထွက်လာအောင် နှိုက်ယူမေးမြန်းတတ်ခြင်း၊ အမေရိကန်ပြည်ထောင်စု၏ သမ္မတ အဆက်ဆက်က သူနှင့်တွေ့ဆုံပြောဆိုရသည်ကို ကျေနပ်ဝမ်းသာမှုရှိအောင် ပြောဆိုဆက်ဆံတတ်ခြင်း၊ နာမည်ကျော်သရုပ်ဆောင်များ၊ ရွှေတံဆိပ်ပိုင်ရှင် အားကစားသမားများ၊ သန်းကြွယ်သူဌေးကြီးများ၊ နာမည်ကြီးအဆိုတော်များစသည့် ကျော်ကြားသည့်ပုဂ္ဂိုလ်များကလည်း လာရီကင်းနှင့် တွေ့ဆုံပြောဆိုရခြင်းကို ဂုဏ်ယူကြရလောက်အောင် ဆွဲဆောင်ပြောဆိုတတ်ခြင်းဟူသော အရည်အချင်းတို့သည် ကမ္ဘာကျော်လာရီကင်းဖြစ်အောင် တွန်းပို့ပေးသော အချက်များဖြစ်သည်။

"လာရီကင်း၏လာရီကင်း"တွင် စာရေးသူက သူ၏ ကောင်းကွက်များကိုသာမက အားနည်းချက်များကိုပါ ဖော်ပြထားသဖြင့်၊ အမည်းနှင့်ယှဉ်ပြသော အဖြူရောင်မှာ အထင်းသားပေါ်လာသောကြောင့်လည်းကောင်း၊ သဘောတရားသက်သက်ဖြစ်သော တက်ကျမ်းမျိုးကဲ့သို့မဟုတ်ဘဲ ဟာသနှဲ့သဘာဝကို ရောမွှေပြီး ခပ်သွက်သွက်ရေးထားသော မူရင်းအနှစ်သာရကို ပေါ်လွင်အောင် ဆရာတင်မောင်မြင့်က မြန်မာပြန်ထားသောကြောင့်လည်းကောင်း စာဖတ်သူများကို ငြီးငွေ့မှုမရှိစေဘဲ အစအဆုံး ဆွဲခေါ်သွားနိုင်မည့်စာအုပ်တစ်အုပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

Synergy Publication.

## မူရင်းထုတ်ဝေသူမှတ်ချက်

သူ့ကို TV Guide မဂ္ဂဇင်းက "အင်တာဗျူးလုပ်ရာ၊ စကားဝိုင်းတင်ဆက်ရာမှာ သူ့လောက်ထူးခြားအောင် လုပ်နိုင်တဲ့လူ မရှိဘူး"လို့ ဆိုတယ်။ TIME မဂ္ဂဇင်းကတော့ "ကမ္ဘာ့အထင်ရှားဆုံးပုဂ္ဂိုလ်တွေ၊ သြဇာတိက္ကမကြီးသူတွေကို သူဗျူးတာ ရာစုနှစ်ဝက်ရှိခဲ့ပြီ၊ လူပေါင်းလေးသောင်းကျော်ခဲ့ပြီ"လို့ ဖော်ညွှန်းတယ်။ သူ့ရဲ့သင်္ကေတကတော့ ထူးခြားတဲ့ အသံသြဇာနဲ့ ပုခုံးချိတ်ဘောင်းဘီပါပဲ။ ဒီလောက်ပြောရင် လာရီကင်းမှန်း လူတိုင်းသိလောက်ကြပါပြီ။

သူဟာ ပထမဆုံး စီးပွားပျက်ကာလကို ဖြတ်သန်းပြီး ဘရွတ်ကလင်းကနေ CNN ထိ မိုးထိအောင် လှေကားထောင်ခဲ့သူဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတတွေ၊ ထိပ်တန်းအနုပညာရှင်တွေနဲ့ အကျွမ်းမဝင်ခင်မှာ သူဟာ ရုရှားက အမေရိကန်ကိုရောက်လာတဲ့ ဂျူးမိသားစုရဲ့ လူဆင်းရဲကလေးတစ်ယောက်ပါ။ ဘရွတ်ကလင်းမှာ ချို့ချို့ငဲ့ငဲ့နေခဲ့ရပြီး ဆယ်တန်းအောင်တော့ မိုင်ယာမီကို ရောက်လာတယ်။ ကံကောင်းထောက်မစွာနဲ့ ဖရန့်စီနာထရာလို၊ ဂျက်ကီဂလီယာဆင်လို အပေါင်းအသင်းတွေနဲ့တွေ့ပြီး လာရီကင်းဘဝကို စခဲ့တယ်။

ရုပ်သံလောကမှာ ထိပ်ဆုံးရောက်လာပြီး ရစ်ချတ်နစ်ဆင်ကအစ သမ္မတအဆက်ဆက်ကို အင်တာဗျူးတွေလုပ်ပြီး အမေရိကန်နိုင်ငံရေးမှာ အရေးပါတဲ့လူတစ်ယောက် ဖြစ်လာခဲ့တယ်။ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်တွေကိုလည်း ဗလာဒီမာပူတင်ကစပြီး နယ်လ်ဆင်မင်ဒဲလားထိ တွေ့ဆုံမေးမြန်းပြီးပရိသတ်ကို တင်ဆက်နိုင်ခဲ့တယ်။ အိုဂျေဆင်မ်ဆင်လို၊ မော်နီကာလူဝင်စကီလို တစ်နိုင်ငံလုံး စိတ်ဝင်စားတဲ့ဇာတ်လမ်းတွေအပြင် အနုပညာလောက၊ အားကစားလောကကိုလည်း မီးမောင်းထိုးပြခဲ့တယ်။ ဒါတွေဒါတွေကြောင့် Emmy Award ရရှိခဲ့တယ်။

အထူးခြားဆုံး ကမ္ဘာ့အရေးအခင်းတွေကို တင်ဆက်ခဲ့သလို သူ့ဘဝကလည်း ထူးခြားခဲ့တယ်။ မိန်းမခုနစ်ယောက်ကို ရှစ်ကြိမ်လက်ထပ်တယ်။ သားတစ်ယောက်ကို ၃၃ နှစ်ရှိမှ မြင်ဖူးတယ်။ ဂျေအက်ဒ်ဂါနေဒီရဲ့ကားကို ဝင်တိုက်ဖူးတယ်။ ရစ်ချတ်နစ်ဆင်ကို ကူညီပေးခဲ့လို့ ထောင်နှုတ်ခမ်းဝကို ရောက်ခဲ့တယ်။ တစ်နေ့ စီးကရက်သုံးဘူးသောက်လို့ နှလုံးနှစ်ခါခွဲရတယ်။ ခုတော့ Larry King Cardiac Foundation ကို တည်ထောင်ပြီး အသက်ပေါင်းများစွာကို ကယ်တင်နေပါပြီ။ ဒီအဖြစ်အပျက်တွေရဲ့နောက်ကွယ်က ဘဝအတွေ့အကြုံတွေကို သူ့စာအုပ်မှာ အသေးစိတ်ဖွင့်ချထားတယ်။ ဖတ်မိရင် လက်က မချနိုင်တော့ဘူးလို့ ပြောသံတွေ ကျွန်တော်တို့ ကြားနေရတယ်။ သူ့ကို ဒီစာအုပ်မှာ အကူအညီပေးတဲ့ Cal Fussman ဟာ Wall Street Jaurnal နဲ့ Esquire မဂ္ဂဇင်းရဲ့ နာမည်ကျော်စာရေးဆရာဖြစ်ပါတယ်။

WEINSTEN BOOKS

"လာရီကင်းက လူတို့၏ ဘဝအတွေ့အကြုံကို အံ့သြစရာကောင်းလောက်သည့် ဝန်စံကျယ်မျိုးဖြင့် သူ၏ Larry King Live ကတ္တာမှ တင်ပြလာခဲ့သည်မှာ ရာစုနှစ်တစ်ဝက်ကျော်ခဲ့ပြီ။ လူသန်းပေါင်းများစွာတို့ ရှုမြင်နားဆင်ခဲ့ကြရပြီးပြီ။ ထိုမှတစ်ဆင့် သူက စိတ်ဝင်စားစရာကောင်းလှသည့် သူ့ဘဝဇာတ်လမ်းကို ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိပုံစံဖြင့် My Remarkable Journey ဟူ၍ထုတ်ဝေလိုက်လေပြီ။ စဉ်စဉ် သူက ဝေနောက်ကို ကြေညာလိုက်ခြင်းပင်၊ ထိုအခါ သူနှင့်သူ့ပတ်ဝန်းကျင်အကြောင်းသည် ဇွန်တားခန်းခရီးရှည်ကြီးတစ်ခု ဖြစ်လာလေတော့သည်၊ စာအုပ်နာမည်အတိုင်းပင် "မမေ့တဲ့နိုင်" အမြင်များဖြင့် ပြည့်ကျစ်ကာ စာဖတ်သူကို ရင်သပ်ရှုမော ဆွဲခေါ်သွားပေလိမ့်မည်။

ကျွန်တော်တော့ ဖတ်ရင်းဖတ်ရင်း သူ၏ကြီးမားလှသော မေတ္တာနှလုံးသားကို အတိုင်းသားမြင်လာသည်၊ သူ၏ဖြူစင်မှုကို အတိုင်းသားခံစားရသည်။

လူ့လောကနှင့် လူ့ရှာခန်းမကို သူက လက်တစ်ဆုံးနှိုက်ကာ လာရီကင်းသဘာဝအတိုင်း ဖော်ပြထားသည့် စာအုပ်ဖြစ်သည်။"

ဘီလ်ကလင်တန်
BILL CLINTON

# လာရီကင်း၏လာရီကင်း

တင်မောင်မြင့် (မြန်မာ[illegible])

Computer : Synergy